ဂျပန်ဘာသာ


# သင့်အိမ်အတွက် လမ်းညွှန် ယနေ့စတင်ပါ

ဤလက်စွဲစာရွက်သည်၊

- **အိမ်ငှားပြီးနောက် ပြုလုပ်သင့်သော အရာများ**
- **ထိုတွင်နေထိုင်တဲ့အခါ လိုက်နာရမယ့် စည်းကမ်းများနှင့် ကျင့်ဝတ်များ**
- **ငှားထားသောအိမ်မှထွက်ချိန်တွင်လုပ်ဆောင်ရမည့်အရာများ**

ဤစာတမ်းတွင် ထိုကဲ့သို့သောကိစ္စများနှင့်ပတ်သက်၍ သင်သိထားသင့်သည့် အချက်များနှင့် သင့်အာရုံစိုက်ရန် လိုအပ်သည့်အချက်များကို ဖော်ပြထားသည်။

## အိမ်ငှားပြီးရင် ဘာလုပ်ရမလဲ



### ၁။ အခန်းအတွင်း စစ်ဆေးခြင်း

① စာချုပ်ချုပ်ဆိုပြီးသည်နှင့် အခန်းသော့တစ်ချောင်း ရရှိမည်ဖြစ်သည်။ အိမ်မှထွက်ခွာသည့်အခါ သော့ကို ပြန်လည်ပေးအပ်မည်ဖြစ်သည်။ ကျေးဇူးပြုပြီး မဆုံးရှုံးအောင် ကြိုးစားပါ။

② အခန်းအား စစ်ဆေးကြည့်ရအောင်။

က. တံခါးများနှင့် ပြတင်းပေါက်များကို ဖွင့်နိုင်သည် (သို့) ပိတ်နိုင်သည်။

ခ. သော့က ဖွင့်ပေးပါသလား (သို့) ပိတ်ပေးပါသလား။

ဂ. ကြမ်းပြင် (သို့) နံရံများတွင် အစွန်းအထင်းများ (သို့) ခြစ်ရာများ ရှိပါသလား။

※ ပြဿနာတစ်စုံတစ်ရာရှိပါက အိမ်ခြံမြေအကျိုးဆောင် (သို့) အိမ်ရှင်နှင့် စစ်ဆေးပါ။
ဓာတ်ပုံနှင့် ဗီဒီယိုကဲ့သို့သော မှတ်တမ်းများကို သိမ်းဆည်းထားပါ။

### ၂။ လျှပ်စစ် လုပ်ထုံးလုပ်နည်းများ

① လျှပ်စစ်ဓာတ်အားအသုံးမပြုမီ၊ အနီးဆုံးလျှပ်စစ်ဓာတ်အားကုမ္ပဏီ၏ ဌာနခွဲ (သို့) ရုံးခွဲတည်ရှိရာနေရာကို မှတ်သားပြီး ၎င်းတို့ကို ဆက်သွယ်ကြည့်ပါ။

② သင်ပြောင်းရွှေ့ပြီးသည်နှင့် လျှပ်စစ်ဖြတ်တောက်ရာ ဘာရိတ်ကာကိုဖွင့်ပြီး လျှပ်စစ်မီးများ (အိမ်တွင်းမီးများနှင့် အဲယားကွန်းများ စသည်) ကို အသုံးပြုနိုင်မနိုင် စစ်ဆေးပါ။

③ ရရှိနိုင်သော ပါဝါစွမ်းရည် (အမ်ပီယာ) ကို စစ်ဆေးပါ။

④ ရုတ်တရက် လျှပ်စစ်ဓာတ်အားပြတ်တောက်သွားပါက သင့်လျှပ်စစ်ပတ်လမ်း၏ ဘာရိတ်ကာကို စစ်ဆေးပါ။

⑤ တီဗီနှင့် အင်တာနက်ကြိုးများ သေချာစွာ တပ်ဆင်ထားကြောင်း စစ်ဆေးပါ။

### ၃။ ဓာတ်ငွေ့ လုပ်ထုံးလုပ်နည်းများ

① ဓာတ်ငွေ့ကို အသုံးပြုလိုပါက ဓာတ်ငွေ့ကုမ္ပဏီ ကိုယ်စားလှယ်တစ်ဦးက သင့်အိမ်တွင် လာရောက်ဆောင်ရွက်ပါမည်။ ဓာတ်ငွေ့အသုံးမပြုမီ အလုပ်ဆောင်မည့် ရက်နှင့် အချိန်ကို သတ်မှတ်ရန် ဓာတ်ငွေ့ကုမ္ပဏီနှင့် ဆက်သွယ်ပါ။

② ကိုယ်စားလှယ်အလုပ်လုပ်နေစဉ် သင် (သို့) မိသားစုဝင်တစ်ဦးဦး အိမ်တွင်ရှိနေသင့်ပါသည်။

③ ကိုယ်စားလှယ် အလုပ်လုပ်သည့်အခါ ဓာတ်ငွေ့ပစ္စည်းများကို မည်သို့မှန်ကန်စွာအသုံးပြုရမည်ကို ရှင်းပြရန် တောင်းဆိုပါ။

**၄။ ရေပေးဝေရေး လုပ်ထုံးလုပ်နည်းများ**

① ရေပေးဝေမှုကို အသုံးမပြုမီ သင့်ဒေသဆိုင်ရာ ရေပေးဝေမှုအာဏာပိုင် တည်နေရာကို စစ်ဆေးဆက်သွယ်ကြည့်ပါ။

② သင်ပြောင်းရွှေ့သည့်အခါ ရေပိုက်ခေါင်းများ ယိုစိမ့်မှုမရှိကြောင်း၊ ရေပူပေးစက် အလုပ်လုပ်နေကြောင်းနှင့် ရေချိုးခန်းရေများ ဆင်းမဆင်း သေချာစွာ စစ်ဆေးပါ။

ထို့အပြင် အိမ်ရေချိုးခန်းရေကို ပိတ်ထားခြင်းနှင့် ပိတ်ဆို့နေခြင်းမရှိကြောင်း စစ်ဆေးပါ။

**၅။ ကြိုးဖုန်းနှင့် အင်တာနက်စာရင်းသွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ** (လိုအပ်ပါက)

တယ်လီဖုန်းစာချုပ်အတွက် စာရင်းသွင်းလိုပါက သင့်ဒေသခံ တယ်လီဖုန်းကုမ္ပဏီကို ဆက်သွယ်ပြီး လိုအပ်သော လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ပါ။

အင်တာနက်စာချုပ်အတွက် စာရင်းသွင်းလိုပါက သင့်အင်တာနက်ဝန်ဆောင်မှုပေးသူထံ ဆက်သွယ်ပါ။

## ဤနေရာတွင်နေထိုင်စဉ် စည်းမျဉ်းများနှင့် အမူအကျင့်များ



**၁။ သင်ပြောင်းရွှေ့နေထိုင်ပြီးသောအခါ**

အိမ်နီးချင်းတစ်ယောက်ကို စင်္ကြံလမ်းပေါ်တွင် သို့မဟုတ် ဓာတ်လှေကားထဲမှာ တွေ့ရင် နှုတ်ဆက်သင့်ပါသည်။


**၂။ အမှိုက်များကို မည်သို့စွန့်ပစ်ရမည်နည်း**

① ဂျပန်နိုင်ငံမှာ အမှိုက်ကို အမျိုးအစားခွဲခြားထားပါသည်။ အမှိုက်ပစ်နည်းသည်လဲ မြို့နယ်အလိုက် ကွဲပြားသော စည်းကမ်းတွေရှိပါတယ်။
သင့်အမှိုက်များကို မည်သို့ခွဲခြားစွန့်ပစ်ရမည်နှင့် ၎င်းတို့ကို စွန့်ပစ်ရမည့်ရက်များအကြောင်း အချက်အလက်ကို သင့်ဒေသခံမြူနီစပယ်ရုံးအား ဆက်သွယ်မေးမြန်းပါ။
တချို့နေရာတွေမှာ ဘာသာစကားပေါင်းစုံဖြင့် "အမှိုက်စွန့်ပစ်ခြင်းလက်စွဲ" စာအုပ် ရှိပါသည်။

② သင်ပြောင်းရွှေ့နေထိုင်မည့် တိုက်ခန်း သို့မဟုတ် ကွန်ဒိုမီနီယံပေါ် မူတည်၍ အမှိုက်စည်းမျဉ်းများ ကွဲပြားပါသည်။
အိမ်ခြံမြေအကျိုးဆောင် သို့မဟုတ် စီမံခန့်ခွဲသူ အားမေးမြန်းပါ။

③ အမှိုက်ပစ်ရန် သတ်မှတ်ထားတဲ့ နေရာတစ်ခု ရှိပါသည်။

④ အမှိုက်ကို မှားယွင်းစွာ စီမံသောအခါ (မှားယွင်းစွာ ခွဲခြားခြင်း၊ မှားယွင်းသောနေ့တွင် ထုတ်ခြင်း သို့မဟုတ် မှားယွင်းသော နေရာတွင် ထားခြင်း) ပြုလုပ်ပါက စုဆောင်းခံရမည်မဟုတ်ပါ။
အမှိုက်ကို မှားယွင်းစွာ စီမံခြင်းကြောင့် အိမ်နီးချင်းများနှင့် ကတောက်ကဆစ်များ ဖြစ်ပေါ်နိုင်ပါသည်။



● အမှိုက်ပစ်နည်း ဥပမာများ (နေထိုင်ရာဒေသအလိုက် နည်းလမ်းများ ကွဲပြားနိုင်ပါသည်)

က. အမှိုက် (ပလတ်စတစ်၊ PETပလပ်စတစ်ပုလင်းများ၊ ဖန်ပုလင်းများ၊ သံဘူးများ စသည်) များကို အမျိုးအစားအလိုက် သတ်မှတ်ထားသော အမှိုက်အိတ်များတွင် ထည့်ရမည် (သတ်မှတ်ထားသော အိတ်မရှိပါက ဖောက်ထိုးမြင်သာသော ပလတ်စတစ်အိတ်ကို အသုံးပြုပါ)။ အစားအစာ အမှိုက်ကို အနည်းဆုံးဖြစ်အောင် လျှော့ချပါ။

ခ. သတ်မှတ်နေ့ရက် (သို့) အချိန်မှားသွားပါက၊ အမှိုက်ပစ်ရန် မေ့သွားပါက အိမ်တွင်ထားခဲ့ပြီး နောက်တစ်ကြိမ်တွင် ပစ်ပါ။

ဂ. အရွယ်အစားကြီးသောအမှိုက်များ ဆိုသည်မှာ သတ္တု၊ ပလတ်စတစ်၊ သစ်သားနှင့် ဖန်ထုတ်ကုန်များကဲ့သို့သော ထုထည်အားဖြင့် ကြီးမားသော အမှိုက်များကို ဆိုလိုသည်။
အရွယ်အစားကြီးသော အမှိုက်များအတွက် ဒေသရုံးကို ဆက်သွယ်ပါ။ ဖုန်းဖြင့် သို့မဟုတ် အွန်လိုင်းမှ စုဆောင်းရန် လျှောက်ထားနိုင်ပါသည်။ အခကြေးပေးဆောင်ရပါမည်။

### ၃။ ဆူညံသံများအကြောင်း

① တူရိယာများတီးခတ်သည့်အခါ အသံအတိုးအကျယ်ကို သတိပြုပါ။ ထို့အပြင် ပါတီပွဲများတွင် အထူးသဖြင့် ညဘက်အခါတွင် သတိထားပြီး တိတ်ဆိတ်စွာနေပါ။

② အခြားအခန်းများရှိလူများ ဆူညံနေပါက အိမ်ခြံမြေအကျိုးဆောင် သို့မဟုတ် သင့်အိမ်ရှင်နှင့် ဆွေးနွေးပါ။

### ၄။ တားမြစ်ထားသော အရာများနှင့် လိုက်နာရမည့် အရာများ

① အိမ်မွေးတိရစ္ဆာန်တစ်ကောင် မွေးထားလိုပါက အိမ်ခြံမြေအကျိုးဆောင် သို့မဟုတ် အိမ်ရှင်နှင့် ကြိုတင်အတည်ပြုပါ။ ခွင့်ပြုချက်မရှိဘဲ အိမ်မွေးတိရစ္ဆာန်မွေးခြင်းသည် စာချုပ်ချိုးဖောက်ခြင်းဖြစ်သည်။

② အခန်း၏ နံရံများ သို့မဟုတ် တိုင်များထဲသို့ သံမှိုများ မရိုက်သွင်းပါနှင့်၊ သို့အပြင် အပေါက်များ မဖောက်ပါနှင့်။

③ ကွန်ဒိုမီနီယံနှင့် တိုက်ခန်းများရှိ စင်္ကြံများနှင့် လှေကားကဲ့သို့သော အများသုံးနေရာများကို ငလျင်လှုပ်သောအခါ သို့မဟုတ် မီးလောင်မှုဖြစ်ပွားပါက လွတ်မြောက်ရာလမ်းကြောင်းများအဖြစ် အသုံးပြုပါသည် ။ အမှိုက်များ၊ ပန်းအိုးများ၊ စက်ဘီးများ သို့မဟုတ် အခြားပစ္စည်းများကို ထိုနေရာများတွင် မထားရပါ။ သင်ထားခဲ့ပါက မီးသတ်ဌာနမှ သင့်အား သတိပေးမည်ဖြစ်သည်။


④ လသာဆောင်သည် ထွက်ပြေးရန်လမ်းကြောင်းအဖြစ် အသုံးပြုနိုင်သည့်အတွက် မည်သည့်ပစ္စည်းများကိုမျှ မထားခဲ့ပါရန်။

⑤ စာချုပ်ချုပ်ဆိုချိန်တွင် အိမ်ခြံမြေအကျိုးဆောင်ကို အကြောင်းကြားထားသည့်အတိုင်း သင်နှင့်အတူနေထိုင်မည့်သူများမှလွဲ၍ အခြားမည်သူမျှ ဤအိမ်တွင် နေထိုင်ခွင့်မရှိပါ။

⑥ ငှားရမ်းခနှင့် အခြားငွေပေးချေမှုများကို သတ်မှတ်ထားသော နောက်ဆုံးရက်တွင် ပေးဆောင်ရမည်။

※ သက်တောင့်သက်သာနေထိုင်နိုင်စေဖို့ စည်းမျဉ်းများနှင့် အပြုအမူများကို လိုက်နာဆောင်ရွက်ပါ။ မေးခွန်းများရှိပါက သင့်ပတ်ဝန်းကျင်ရှိလူတွေအား မေးမြန်းပါ။

## အငှားအိမ်ကနေ ပြောင်းရွှေ့တဲ့အခါ ဘာလုပ်ရမလဲ



### ၁။ သင့်ပြောင်းရွှေ့မှုကို အကြောင်းကြားခြင်း

သင်ပြောင်းရွှေ့သည့်အခါ သင့်စာချုပ်တွင် ရေးသားထားသော နောက်ဆုံးရက် (တစ်လမှ နှစ်လကြိုတင်) မတိုင်မီ သင့်အိမ်ရှင် သို့မဟုတ် အိမ်ခြံမြေအကျိုးဆောင်ထံ ပြောင်းရွှေ့မှုအကြောင်း အသိပေးရန်လိုအပ်ပါသည်။

### ၂။ လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေချိတ်ဆက်မှုများ

① သင်ပြောင်းရွှေ့မည့်အကြောင်း လျှပ်စစ်ကုမ္ပဏီ၊ ဓာတ်ငွေ့ကုမ္ပဏီနှင့် ရေကုမ္ပဏီကို အနည်းဆုံးတစ်ပတ်အလို အကြောင်းကြားပါ။

② သင်ပြောင်းရွှေ့သည့်နေ့တွင် လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေကုမ္ပဏီများမှ ကိုယ်စားလှယ်များသည် ဝန်ဆောင်မှုများ ရပ်တန့်ရန် လုပ်ထုံးလုပ်နည်းများကို ပြီးမြောက်အောင် လုပ်ဆောင်ရန် သင့်အိမ်သို့ လာရောက်ပါလိမ့်မည်။ ထိုအချိန်တွင် ထိုနေ့အထိ ဝန်ဆောင်မှုကြေးများကို မည်သို့ပေးဆောင်မည်ကို အတည်ပြုပါ။

### ၃။ တယ်လီဖုန်း၊ အင်တာနက်နှင့် စာတိုက်မှတစ်ဆင့် ဆက်သွယ်ပါ

① ကြိုးဖုန်းများအတွက်၊ သင်ပြောင်းရွှေ့နေကြောင်း အသိပေးရန် သင်၏ စာချုပ်ချုပ်ဆိုထားသော တယ်လီဖုန်းကုမ္ပဏီကို ဆက်သွယ်ပါ။

② မိုဘိုင်းဖုန်းများအတွက်၊ သင့်၏ မိုဘိုင်းဖုန်းဝန်ဆောင်မှုပေးသောကုမ္ပဏီကို ဆက်သွယ်ပြီး သင့်လိပ်စာအသစ်ကို အသိပေးပါ။

③ အင်တာနက်အတွက်၊ သင်ပြောင်းရွှေ့နေကြောင်း အသိပေးရန် သင်၏ စာချုပ်ချုပ်ဆိုထားသော အင်တာနက်ဝန်ဆောင်မှုပေးသောကုမ္ပဏီကိုထံ ဆက်သွယ်ပါ။

④ သင့်လိပ်စာအသစ်ဖြင့် စာတိုက်သို့ ဆက်သွယ်ပါ။

## ၄။ ကြီးမားသော အမှိုက်သိမ်းဆည်းခြင်းအတွက် လျှောက်လွှာ

① သင့်တွင် ပရိဘောဂ၊ ကြီးမားသော အမှိုက်များ သို့မဟုတ် အမှိုက်အမြောက်များရှိပါက ကြီးမားသော အမှိုက်များကို စွန့်ပစ်ရန် စီစဉ်၍ ဒေသခံအစိုးရရုံးသို့ အမြန်ဆုံးဆက်သွယ်ပါ။

② ကြီးမားသော အမှိုက်များကို ကောက်ယူသည့်ရက်စွဲသည် သင်ပြောင်းရွှေ့ပြီးနောက်ဖြစ်ပါက သင့်အိမ်ရှင် သို့မဟုတ် စီမံခန့်ခွဲသူနှင့် တိုင်ပင်ပါ။

## ၅။ ခရီးဆောင်အိတ်များ သယ်ဆောင်ခြင်း

① နေ့အချိန်တွင်သာ ပြောင်းရွှေ့ပေးပါ။ ညဘက်တွင် ပြောင်းရွှေ့ခြင်းသည် သင့်အိမ်နီးချင်းများကို အနှောင့်အယှက်ဖြစ်စေနိုင်သောကြောင့် ထိုသို့ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ပါ။

② အခန်းထဲက ပစ္စည်းအားလုံးကို ဖယ်ရှားပြီး သေချာစွာ သန့်ရှင်းရေးလုပ်ပါ။ အမှိုက်တစ်စုံတစ်ရာ မကျန်အောင် စစ်ဆေးပါ။

## ၆။ အိမ်မှထွက်ခွာသည့်အခါ

① သော့ကို အိမ်ခြံမြေအကျိုးဆောင်ထံ ပြန်ပေးပါ။

② အိမ်ခြံမြေအကျိုးဆောင် သို့မဟုတ် အိမ်ရှင်နှင့်အတူ အခန်းကို စစ်ဆေးပါ။ သင်ပြောင်းရွှေ့လာချိန်နှင့် နှိုင်းယှဉ်ပါက အခန်း၏ မူလအခြေအနေသို့ မည်မျှပြန်လည်ပြုပြင်ရန် လိုအပ်မည်ကို အတူတကွ စစ်ဆေးပါ။

※ အခန်းကို မူလအခြေအနေသို့ ပြန်လည်ထိန်းသိမ်းခြင်းဆိုသည်မှာ အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာသော ချို့ယွင်းချက်များ သို့မဟုတ် ပျက်စီးနေသော အခန်း၏ အစိတ်အပိုင်းများကို ပြုပြင်ခြင်းကို ဆိုလိုသည်။

## ၇။ အာမခံငွေ ပေးချေမှု

① အခြေခံအားဖြင့် သင်ပြောင်းရွှေ့ပြီးနောက် အပ်ထားသောအာမခံငွေကို ပြန်အမ်းပေးပါမည်။ သို့သော် အခန်းကို မူလအခြေအနေသို့ ပြန်လည်ပြုပြင်ခြင်း၏ ကုန်ကျစရိတ် သို့မဟုတ် အခန်းထဲတွင် ကျန်ရှိနေသော ပစ္စည်းများ ရှင်းလင်းရန်အတွက် ကုန်ကျစရိတ်များ အတွက်ပေးဆောင်ရန် လိုအပ်နိုင်ပါသည်။
ကုန်ကျစရိတ်တစ်စုံတစ်ရာကျသင့်ပါက ၊ ၎င်းတို့ကို သင်၏အာမခံအပ်ငွေမှ နုတ်ယူသွားပါမည်။

② အိမ်အခန်းကို မူလအခြေအနေသို့ ပြန်လည်ပြုပြင်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်း၏ ကုန်ကျစရိတ်သည် အပ်ငွေထက် ပိုများပါက ကျန်ရှိသော ပမာဏကို ပေးဆောင်ရပါမည်။

မေးခွန်းများရှိပါက ကနာဂါဝါ နိုင်ငံခြားသား နေထိုင်သူများ ထောက်ပံ့ရေးစင်တာကို ဆက်သွယ်ပါ။



**ကာနာဂါဝါ နိုင်ငံခြားသား အိမ်ရာ အထောက်အပံ့ဌာန (NPO)**

ကနာဂါဝါ နိုင်ငံခြားသား နေအိမ်ထောက်ပံ့ရေးစင်တာသည် နေအိမ်ရှာဖွေရေးအတွက် ဘာသာစကား အမျိုးမျိုးဖြင့် အကူအညီပေးပါသည်။ ကျွန်ုပ်တို့သည် နေအိမ်နှင့်ဆိုင်သော ပြဿနာများကို ဖြေရှင်းရန် အကြံဉာဏ်ပေးပါသည်။

ဤလက်စွဲစာရွက်ကို ကနာဂါဝါ ပြည်နယ်ကိုယ်စား၊ အကျိုးအမြတ်မရှာဖွေသော အဖွဲ့အစည်းဖြစ်သည့် ကနာဂါဝါ နိုင်ငံခြားသား နေအိမ်ထောက်ပံ့ရေးစင်တာမှ ထုတ်ပြန်ထားပါသည်။

၂၀၂၆ မတ်လထုတ်

○ ကနာဂါဝါ နိုင်ငံခြားသား နေအိမ်ထောက်ပံ့ရေး အကျိုးအမြတ်မယူသော ကော်ပိုရေးရှင်း
၁-၇ တိုကီဝါ-ချို၊ နာကာ-ကူ၊ ယိုကိုဟာမား YMCA ဒုတိယထပ်
ဖုန်း ၀၄၅-၂၂၈-၁၇၅၂၊ ဖက်စ် ၀၄၅-၂၂၈-၁၇၆၈
အီးမေးလ် : sumai.sc@sumasen.com https://sumasen.com/